# ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ရေနက်ဆိပ်ကမ်း၊ ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းများနှင့် ပတ်သက်၍ ရမ်းပြဲကျွန်းနေ(သို့)စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတို့၏ သဘောထားထုတ်ပြန်ကြေငြာချက်

ရက်စွဲ ၂၅၊၂၀၁၃

၂၀၀၉ ခုနှစ်မှစ၍ ရွှေသဘာဝဓါတ်ငွေ့စက်ရုံ၊ ရေနက်ဆိပ်ကမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်းများကို စတင်လုပ်ဆောင်သည့်အချိန်မှစပြီး ကျောက်ဖြူဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်များကို ဆိုးရွားစွာ ထိခိုက်ပျက်စီးလျက်ရှိသည်။ လယ်ယာမြေများကို အဓမ္မသိမ်းယူခြင်း၊ လျော်ကြေးငွေ အပြည့်အဝမပေးခြင်းနှင့် လုံးဝ လျော်ကြေးငွေ မပေးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ စီမံကိန်းအကောင်အထည်မဖေါ်မီနှင့် စတင်လုပ်ကိုင်သည့်အချိန်များတွင် စီမံကိန်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဒေသခံများအား ကြိုတင်အသိပေးမှု၊ ဒေသခံများ၏ သဘောထားကို တောင်းခံရယူမှုများ လုံးဝမရှိခဲ့ပေ။ ထို့အပြင် EIA နှင့် SIA များကို ပြုလုပ်ခဲ့၊ မပြုလုပ်ခဲ့ဆိုသည်ကို ဒေသခံများအနေဖြင့် မသိရှိခဲ့ရပေ။ ဤစီမံကိန်းများကြောင့် ဒေသခံတို့၏ အိုးအိမ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာမြေများနှင့် ငါးဖမ်းလုပ်ငန်းများ လုံးဝပျက်စီးဆုံးရှုံးသွားရမည်ကို စိုးရိမ်မကင်းဖြစ်နေကြရသည်။

ကမ္ဘာ့အဆင့်မှီ တရုတ်ရေနံတင်သင်္ဘောကြီးများ ကျောက်ဖြူမြို့နယ်ရှိ မဒေးရေနက်ဆိပ်ကမ်းတွင် ဆိုက်ကပ်လာခြင်းဖြင့် မတော်တဆ ရေနံယိုဖိတ်မှုများ ဖြစ်ခဲ့သည်ရှိသော် ဒေသခံများအား ရာစုနှစ်ပေါင်းများစွာ အကျိုးပြုလာသည့် လယ်ယာမြေများ၊ ပင်လယ်ပြင်နှင့် ကျောက်ဖြူကမ်းရိုးတန်းတလျှောက်ရှိ လမုတောကြီးများမှာ ပျက်စီးသွားနိုင်ဖွယ်ရှိသည်။ ကျောက်ဖြူကမ်းရိုးတန်းတလျှောက်ရှိ လမုတောကြီးများသည် မြန်မာနိုင်ငံ၏ ဒုတိယ အကြီးမားဆုံးသော လမုတောကြီးများလည်းဖြစ်သည်။ သို့ဖြစ်ပါ၍ ဤစီမံကိန်းတွင် အဓိက ပါဝင်ပတ်သက်နေကြသည့် ကိုးရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီ၊ တရုတ်မှ CNPC နှင့် မြန်မာအစိုးရပိုင် MOGE တို့အား အောက်ပါတောင်းဆိုချက်(၁၂)ချက်ကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ပေးရန်တောင်းဆိုလိုက်သည်။ ဤတောင်းဆိုချက်များကို လိုက်လျောအကောင်ထည်မဖေါ်ပေးနိုင်သရွေ့ ဤစီမံကိန်းများအားလုံးကို ဆိုင်းငံ့ထားရန် တောင်းဆိုလိုက်သည်။

***တောင်းဆိုချက်များ***

1. ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွင်း EIA နှင့် SIA များကိုပြုလုပ်ထားသည်ရှိသော် ဒေသခံပြည်သူလူထုအား ရှင်းလင်းအသိပေးရန်။ အကယ်၍ EIA နှင့် SIA များကို စီမံကိန်းအကောင်ထည်မဖော်မီ ပြုလုပ်ခြင်းမရှိခဲ့ပါက စီမံကိန်းအကောင်ထည်ဖော်နေခြင်းကို ချက်ချင်းရပ်ဆိုင်းပြီး EIA နှင့် SIA များကို ပြုလုပ်ရန်နှင့် ၎င်းကို ဒေသခံပြည်သူများကို အသိပေးရှင်းလင်းပြီး ဒေသခံပြည်သူများ၏ သဘောထားများကို ရယူရမည်။
2. ရေနံနှင့်ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်း၏ ခိုင်ခန့်မှုကို နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း အထူးစစ်ဆေးရန်၊ ခိုင်မာမှုအဆင့်နှင့် အန္တရာယ်ရှိမှုကို ပြည်သူများကို ချက်ချင်းအသိပေးရမည်။
3. ရေနံတင်သင်္ဘောများနှင့် ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်း မတော်တဆပေါက်ကွဲမှုများ ရခိုင်ကမ်းရိုးတန်းတလျှောက်တွင်ဖြစ်ပေါ်ခဲ့သော် ပင်လယ်ပြင်သန့်ရှင်းရေးလုပ်ငန်းများ၊ ပျက်စီးသွားမည့်သဘာဝပတ်ဝန်းကျင်၊သက်ရှိသတ္တဝါများနှင့် ပျက်စီးဆုံးရှုံးသွားမည့်ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို မည်သည့်အစိုးရနှင့်ကုမ္ပဏီများကတာဝန်ခံပြီး မည်သို့တာဝန်ယူမှုများဖြင့် ဖြေရှင်းပေးမည်ကို ဒေသခံပြည်သူများကို ကြိုတင်ရှင်းလင်းအသိပေးရမည်။
4. ဒေသခံပြည်သူများ၏ သဘာဝပတ်ဝန်းကျင်၊ လူနေမှုဘဝနှင့်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ကာကွယ်ပေးနိုင်သည့် ဥပဒေတရပ်ကို နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း ချက်ချင်းအကောင်အထည်ဖော်ပေးရမည်။

5. ရေနံတင်ဆိပ်ကမ်းတည်ဆောက်ရာမှ ကျောက်များကို မိုင်းခွဲရှင်းလင်းပြီး ဒေသခံတို့၏ ငါးဖမ်းဧရိယာအတွင်း စည်းကမ်းမဲ့စွာ စွန့်ပစ်ထားသော ကျောက်ပုံများကို ချက်ချင်း ရှင်းလင်းပေးရမည်။
6. ရေနံတင်ဆိပ်ကမ်းအနီးတပိုက်တွင် ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာမှုများကြောင့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ငါးဖမ်းလုပ်ငန်းများကို ထိခိုက်လာခဲ့ပါက ၄င်းဒေသခံတို့၏ စားဝတ်နေရေး ဖူလုံစေရန် မည်သို့ တာဝန်ယူဆောင်ရွက်ပေးမည်ကို ဒေသခံတို့အား ကြိုတင်အသိပေးရမည်။
7. ရေနံတင်ဆိပ်ကမ်းအပါအဝင် ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့အတွက် အဓမ္မသိမ်းယူထားသော လယ်ယာမြေများ၊ လျော်ကြေးလုံးဝမပေးဘဲ မတရားသိမ်းယူထားသော လယ်ယာမြေများနှင့် လျော်ကြေးအပြည့်အဝ မရသေးသူများအတွက် ကာယကံရှင်များ ကျေနပ်သည်အထိ နိုင်ငံတကာစံနှုန်းအတိုင်း လျော်ကြေးအပြည့်အဝပေးရန်။
8. ရေနံတင်ဆိပ်ကမ်း၊ ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းများကြောင့် စားဝတ်နေရေး ခက်ခဲကြုံတွေ့နေရသော ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ဖန်တီးပေးရမည်။
9. နိုင်ငံခြားသားကုမ္ပဏီဝန်ထမ်းများနှင့် ဒေသခံမဟုတ်သော အလုပ်သမားများသည် ဒေသခံတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားလိုက်နာရန်နှင့် ဒေသခံတို့နှင့် ကိုက်ညီမှုမရှိသော ပြုမူဆက်ဆံခြင်းများကိုမပြုရန်။
10. ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှ ထွက်ရှိသော အညစ်အကြေးနှင့် စွန့်ပစ်ဓါတုပစ္စည်းများ၏ အန္တရာယ်ရှိမှုများကို ဒေသခံတို့အား ကြိုတင်အသိပေးရှင်းလင်းရန်နှင့် ဒေသခံတို့၏ ရေ၊ လေ၊ မြေကို မညစ်ညမ်းစေရန် နိုင်ငံတကာ စံချိန်စံနှုန်းအတိုင်း လုပ်ဆောင်ရန်။
11. ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်းများတွင်ပါဝင်သော ကုမ္ပဏီများမှ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရာတွင် ဒေသခံတို့ဆန္ဒအတိုင်း ဆောင်ရွက်ပေးရမည်။
12. ရခိုင်ပြည်မှထွက်ရှိသော ရွှေသဘာဝဓာတ်ငွေ့ကို  ပြည်တွင်းသုံးစွဲမှုနှင့် နိုင်ငံခြားသို့မတင်ပို့မီ ရခိုင်ပြည်ဖွံ့ဖြိုးရေးအတွက် ပထမဦးစားပေး အသုံးပြုလုပ်ဆောင်ပေးရမည်။

ဤတောင်းဆိုချက်များကို ကျောက်ဖြူဒေသခံလူမှုအဖွဲ့အစည်းသုံးခုနှင့် ကျေးရွာပေါင်း (၁၇) ရွာ မှဒေသခံပြည်သူများမှ တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ၄င်းဒေသတွင်နေထိုင်သည့် လူဦးရေ၏ ခန့်မှန်းခြေမှာ(၂ဝဝဝဝ)ခန့် ဖြစ်သည်။

**ဆက်သွယ်ရန်**

ကိုထွန်းကြည် ဖုန်း ဝ၉ ၄၉၆၅ ဝ၃၅၃ ။ ကိုထွန်းလွင် ဖုန်း ဝ၉ ၄၂၁၇ ၂၉၂၇၇ ။ ကိုမောင်အေး ဖုန်း ဝ၉ ၄၂၁၇ ၅ဝ၆၃၃။
ကိုစိုးရွှေ ဖုန်း ဝ၉ ၄၂၁၇၃၉ ၆၁၆ ။

**တောင်းဆိုရာတွင် ပါဝင်သည့် ဒေသခံအဖွဲ့စည်းများနှင့် ကျေးရွာများ**

1. Kyaukphyu Social Network Group/ Kyaukphyu Township
2. Sky Youth Organization/ Kyaukphyu Township
3. Maday Island Development Organization/ Kyaukphyu Township
4. စေတီတောင်ရပ်ကွက် ကျောက်ဖြူမြို့
5. တိုးချဲ့ရပ်ကွက် ကျောက်ဖြူမြို့
6. မင်းပြင်ရွာ ကျောက်ဖြူမြို့နယ်
7. လိပ်ခမော်ရွာ ကျောက်ဖြူမြို့နယ်

8. မြစ်နားတန်းရပ်ကွက် ကျောက်ဖြူမြို့
9. ကုလာဘာတောင်ရပ်ကွက် ကျောက်ဖြူမြို့
10. ဇင်ချောင်းရွာ ကျောက်ဖြူမြို့နယ်
11. ကုန်ဘွေရွာ ကျောက်ဖြူမြို့နယ်
12. ချောင်းဂရွာ ကျောက်ဖြူမြို့နယ်
13. ချောင်းဖျားရွာ ကျောက်ဖြူမြို့နယ်
14. ရန်တောင်ရွာ ကျောက်ဖြူမြို့နယ်
15. ကြာတိန်အုပ်စု ကျောက်ဖြူမြို့နယ်
16. လိပ်ခမော်ရွာသစ် ကျောက်ဖြူမြို့နယ်
17. ပြားကျိန်ရွာ ကျောက်ဖြူမြို့နယ်
18. သဖန်းချောင်းရွာ ကျောက်ဖြူမြို့နယ်
19. မလကျွန်း ကျောက်ဖြူမြို့နယ်
20. ဂေါ်တူရွာ ကျောက်ဖြူမြို့နယ်